နော်ဝေ နိုင်ငံရောက် မြန်မာနိုင်ငံသားများ ခင်ဗျား

မြန်မာနိုင်ငံအတွင်း လုပ်ကိုင်ဆောင်ရွက်လျှက်ရှိသော ငြိမ်းချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်းများအား နော်ဝေ ဂနိုင်ငံရောက် မြန်မာနိုင်ငံသားများမှ အတူတကွ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အစည်းတရပ်ကို နော်ဝေ ဂနိုင်ငံအခြေစိုက် တိုင်းရင်းသား အဖွဲ့အစည်းများ၊ နိုင်ငံရေး ပါတီများ၊ နိုင်ငံရေး အဖွဲ့အစည်းများ နှင့် လူမှုအခြေပြု အဖွဲ့အစည်းများ အတူတကွ တွေ့ဆုံဆွေးနွေး တည်ထောင်သွားမည်ဖြစ်ပါသည်။ ဆွေးနွေးပွဲ သို့ စိတ်ပါဝင်စားသူများ နှင့် အဖွဲ့အစည်းကိုယ်စားပြုသူများ မည်သူမဆိုတက်ရောက် နိုင်ကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆွေးနွေးပွဲ အစီအစဉ်များ

၁) အဖွင့်အမှာ စကားပြောကြားခြင်း ( နော်ဝေ-မြန်မာ ကော်မတီ မှ တဦး )။

၂) ဆွေးနွေးပွဲ အကြောင်းအား အကျဉ်းချုပ် တင်ပြခြင်း (ဆွေးနွေးပွဲ စီစဉ်သူထဲမှ တဦး)။

၃) အဖွဲ့ ၊ အဖွဲ့ ဝင် နှင့် ကိုယ်စားလှယ် ရွေးချယ်မှု ဆိုင်ရာဆွေးနွေးခြင်း (တက်ရောက်လာသူများ)။

၄) ရွေးချယ်ခြင်းခံရသည့် ကိုယ်စားလှယ်များအား အတည်ပြုခြင်း (တက်ရောက်လာသူများ)။

၄၊က) နော်ဝေ နိုင်ငံရောက် မြန်မာ့အရေး တက်ကြွလှုပ်ရှားနေသည့် တိုင်းရင်းသားပေါင်းစုံ ကိုယ်စားပြုဖွဲ့စည်းထားသော အဖွဲ့အစည်းတခုဖြစ်သည်။ အဖွဲ့အမည်အား " မြန်မာကိုယ်စားလှယ်အဖွဲ့ နော်ဝေ နိုင်ငံ <မူကြမ်း>" ဟု သော်၄င်း သို့တည်းမဟုတ် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များမှ သဘောတူ သတ်မှတ်အတည်ပြုသည့် (...........) အမည် အတိုင်း ခေါ်တွင်စေမည်ဖြစ်သည်။

၄၊ခ) (...........) အမည်ရှိ အဖွဲ့သည် အောက်ဖေါ်ပြပါအဖွဲ့အစည်းအသီးသီးတို့အား ကိုယ်စားပြုဖွဲ့စည်းထားသော အဖွဲ့တခုဖြစ်သည် ဟု သတ်မှတ် ဖွဲ့စည်းသွားမည်ဖြစ်သည်။

က) တိုင်းရင်းသား အဖွဲ့အစည်းများ

ခ ) နိုင်ငံရေးပါတီ နှင့် နိုင်ငံရေးအဖွဲ့အစည်းများ

ဂ ) လူမှုအခြေပြု အခြားအဖွဲ့အစည်းများ

၅) ကျေးဇူးတင် စကားပြောကြားခြင်း နှင့် ပြီးဆုံးကြောင်းကြေညာခြင်း။

နေရာ ။ ။ နော်ဝေ-မြန်မာ ကော်မတီ ရုံး Kirkegata 5, 0153 Oslo, Norway

နေ့ ရက် ။ ။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ( ၁၆ ) စနေနေ့

အချိန် ။ ။ နေ့ လည် ၁၂း၀၀ မှ ညနေ ၀၄း၀၀ အထိ

ဆက်သွယ်ရန်

ယော်နသန်(Jonathan) ၄၇+ ၉၇ ၆၉ ၀၄ ၅၁

အောင်ထွန်း (Aung Htun) ၄၇+ ၉၅ ၄၈ ၉၅ ၄၃

ထအဲရှီး (Tah Eh Shee) ၄၇+ ၉၄ ၈၂ ၄၅ ၃၂

**(မှတ်ချက်။ ။ ဆွေးနွေးပွဲသို့ တက်ရောက်မည့် ကိုယ်စားလှယ်များ အနေဖြင့် မိမိရှိးရာတိုင်းရင်းသား ဝတ်စုံများ ဝတ်ဆင်တက်ရောက် ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်)**